EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၁၀၈

ဒီဇင်ဘာ ၁၅ ရက်၊ ၂၀၂၀

## အထူးကဏ္ဍ



(ဓာတ်ပုံ- MANDALAY IN-DEPTH NEWS)

# မန္တလေးတိုင်းလွှတ်တော်အပေါ် အကျယ်တဝင့် စေ့ငုခြင်း

## ကျပ်သိန်းဆယ်ချီတန် မေးခွန်း၊ ဥပဒေ ခြောက်ခုနှင့် ငါးနှစ်တာ နိဂုံးတံတော့မည့် မန္တလေးတိုင်းလွှတ်တော်

**နိုဝင်ဘာ ၃၀ ၂၀၂၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (ဒီချုပ်) ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အများစုပါဝင်သော ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၏ ငါးနှစ်တာ သက်တမ်းသည် မကြာမီလပိုင်းအတွင်း နိဂုံးတံ ပြီးဆုံးတော့မည်ဖြစ်သည်။

"ဘီလူးဆိုင်းတီးဝင်သည်"ဟုဆိုရလောက်အောင် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများ စတင်ကျင်းပစဉ်က တက်ကြွမြိုင်ဆိုင်မှုရှိခဲ့ပြီး ဒေသခံပြည်သူများ၏ စိတ်ဝင်တစား စောင့်ကြည့်မှုများ ရရှိခဲ့သည်။

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း ပထမဆုံးတင်သွင်းသည့် အဆိုသည် "အစိုးရအကူးအပြောင်း ကာလများအတွင်း အများပြည်သူနှင့်သက်ဆိုင်သည့် ဧရိယာကျယ်ဝန်းသော မြေကွက်များ၊ ပလပ်မြေများအား လူပုဂ္ဂိုလ်အမည်များဖြင့် မြေနေရာချထားပေးမှုများအား ပြန်လည်စိစစ်၍ အများပြည်သူအကျိုးအတွက် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေး တိုက်တွန်းကြောင်း" အဆို

စာမျက်နှာ ၂ သို့

ဖြစ်သည်။ မန္တလေးမြို့၌ ဖြစ်ပွားနေသော မြေယာကိစ္စများနှင့် ပတ်သက်၍ လွှတ်တော်အတွင်း ဆွေးနွေးမေးမြန်းခြင်းဖြစ်ရာ ဒေသခံပြည်သူများ၏ ချီးကျူးထောက်ခံမှု၊ စိတ်ဝင်စားမှုများရရှိခဲ့သည်ဟု ဆိုနိုင်သည်။

သို့သော် လွှတ်တော်သက်တမ်း ကြာမြင့်လာသည်နှင့်အမျှ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးများသည် တက်ကြွမြိုင်ဆိုင်မှု လျော့ကျလာခဲ့သည်။ ပြီးခဲ့သည့်လပိုင်းအတွင်း ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးများတွင်မူ တိုင်းအစိုးရအဖွဲ့က တင်သွင်းလာသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကမျှ လွှတ်တော်အတွင်း ဆွေးနွေးပြင်ဆင်မှုမရှိတော့ဘဲ အစိုးရအဖွဲ့ကပေးပို့လာသည့်အတိုင်း ပြင်ဆင်ချက်မရှိ ခေါင်းညိတ်အတည်ပြုခဲ့သည့်အထိ တိတ်ဆိတ်ငြိမ်သက်နေသည်ကို တွေ့ရသည်။

မကြာမီ ငါးနှစ်သက်တမ်း ပြည့်မြောက်တော့မည့် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်၏ ဥပဒေပြုမှု၊ အဆိုမေးခွန်းမေးမြန်းဆွေးနွေးမှုများသည် ပထမအကြိမ် လွှတ်တော်သက်တမ်း (၂၀၁၁-၂၀၁၆)နှင့် နှိုင်းယှဉ်လျှင်ပင် ကိန်းဂဏန်းအချက်အလက်များ အရ သိသိသာသာ လျော့နည်းနေကြောင်း လွှတ်တော်ဆိုင်ရာ မှတ်တမ်းများ၊ အစီရင်ခံစာများတွင် ဖော်ပြထားသည်။

## လွှတ်တော်အစည်းအဝေး ကျင်းပသည့် ရက်ပေါင်း(၁၄၀)

မန္တလေးတိုင်းဒေသကြီး လွှတ်တော်တွင် အစည်းအဝေး တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၇၆) ဦးရှိပြီး ၎င်းတို့အနက် (၅၇) ဦးသည် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကာ (၁၉) ဦးသည် တပ်မတော်သားများဖြစ်သည်။

လက်ရှိ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် သက်တမ်းအတွက် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် (၅၇) ဦးအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (ဒီချုပ်) ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် (၄၉) ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ပြည်ခိုင်ဖြိုး) ကိုယ်စားပြုခုနစ်ဦးနှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ကိုယ်စားပြုတစ်ဦးဖြစ်သည်။ (ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင်မူ ပြည်ခိုင်ဖြိုးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် (၅၆) ဦးနှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ကိုယ်စားပြုတစ်ဦးရှိခဲ့သည်။)

ဒုတိယအကြိမ် မန္တလေးတိုင်းလွှတ်တော်သည် ၂၀၁၆ ဖေဖော်ဝါရီလမှ ၂၀၂၀ ခုနှစ် အောက်တိုဘာလအထိ လွှတ်တော်ပုံမှန်အစည်းအဝေး အကြိမ် (၂၀) ကျင်းပခဲ့သည်။ အထူးအစည်းအဝေး သုံးကြိမ်၊ အရေးပေါ်အစည်းအဝေးတစ်ကြိမ် အပါအဝင် စုစုပေါင်း အစည်းအဝေး (၂၄) ကြိမ် ကျင်းပခဲ့သည်။ အစည်းအဝေးကျင်းပခဲ့သည့် ရက်ပေါင်း (၁၄၀) ရက် (ငါးလခန့်) ဖြစ်သည်။ ငါးနှစ်အတွင်း အစည်းအဝေး (၂၄) ကြိမ် ကျင်းပခဲ့သဖြင့် တစ်နှစ်လျှင် ပျမ်းမျှအစည်းအဝေး လေးကြိမ်ကျော်၊ တစ်နှစ်လျှင် အစည်းအဝေးကျင်းပရက် တစ်လခန့် ရှိသည်ဟု ဆိုနိုင်သည်။

ပထမအကြိမ် မန္တလေးတိုင်း လွှတ်တော်သက်တမ်းအတွင်း ပုံမှန်အစည်းအဝေး (၁၄) ကြိမ်၊ အထူးအစည်းအဝေး သုံးကြိမ်၊ စုစုပေါင်း (၁၇) ကြိမ်သာ ကျင်းပနိုင်ခဲ့သဖြင့် လက်ရှိ ဒုတိယအကြိမ်လွှတ်တော်သည် အစည်းအဝေး (၇) ကြိမ် ပိုမိုကျင်းပနိုင်ခဲ့သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် တစ်လလျှင် လစာချီးမြှင့်ငွေ ကျပ်ငါးသိန်း ခံစားခွင့်ရှိသည်။ အစည်းအဝေးကျင်းပသည့်ရက်များအတွက် တစ်ရက်လျှင် နေ့တွက်စာရိတ် ကျပ် (၁၅၀၀၀)၊ နယ်ကိုယ်စားလှယ်များဆိုလျှင် တည်းခိုရန်အတွက် ထပ်ဆောင်း၍ ကျပ် (၅၀၀၀) ချီးမြှင့်ကြောင်း လွှတ်တော်ရုံးတာဝန်ရှိသူများကပြောသည်။ ထို့ကြောင့် ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးအနေဖြင့် ငါးနှစ်အတွက် လစာကျပ်သိန်း (၃၀၀)၊ အစည်းအဝေးကျင်းပသည့်ရက်များအတွက် ချီးမြှင့်ငွေ အနည်းဆုံး (၂၁) သိန်းကို ခံစားခဲ့သည်ဟု မှတ်ယူနိုင်သည်။ ထို့ပြင် လွှတ်တော်ရေးရာ ကော်မတီတာဝန်များ ဆောင်ရွက်သည့်အခါတွင်လည်း ချီးမြှင့်ငွေများ ခံစားခွင့်ရှိသည့်အတွက် မန္တလေးတိုင်းကိုယ်စားလှယ် တစ်ဦးချင်းစီသည် ငါးနှစ်တာအတွင်း နိုင်ငံ့ဘဏ္ဍာငွေ ပျမ်းမျှ ကျပ်သိန်း (၃၃၀) ဝန်းကျင်စီ ရယူခံစားခဲ့သည်ဟုဆိုရမည် ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်၊ လုပ်ဆောင်ချက်များကို တိုင်းတာရာတွင် ထင်သာမြင်သာအရှိဆုံးသည် လွှတ်တော်တွင်း မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းဆွေးနွေးမှုနှင့် ဥပဒေပြုမှု အကြိမ် အရေအတွက်များဖြင့် တိုင်းတာခြင်းဟု ဆိုနိုင်သည်။

## မေးခွန်းတစ်ခု ကျပ် (၁၀) သိန်းကျော် တန်ဖိုးရှိ

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သက်တမ်း အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း (၁၃၇၇)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၅၇၅) ခု မေးမြန်းခဲ့ကြောင်း လွှတ်တော်ဆိုင်ရာ မှတ်တမ်းများတွင် ဖော်ပြထားသည်။ ကြယ်ပွင့်ပြမေးခွန်းဆိုသည်မှာ မေးမြန်းလိုသည့် ကိုယ်စားလှယ်က လွှတ်တော်သို့ မေးခွန်းကြိုတင်ထားရပြီး ယင်းမေးခွန်းအပေါ် သက်ဆိုင်ရာက လွှတ်တော်သို့ လာရောက်ကာ ပြန်လည်ဖြေကြားရသည်။ ကြယ်ပွင့်မပြမေးခွန်းမှာမူ သက်ဆိုင်ရာက ကိုယ်စားလှယ်ထံ စာဖြင့်သာပေးပို့ဖြေကြားနိုင်ခြင်းဖြစ်သည်။ ပထမအကြိမ် မန္တလေးတိုင်းလွှတ်တော် ငါးနှစ်တွင်မူ ကြယ်ပွင့်ပြမေးခွန်း (၂၁၄၀) ခုအထိ မေးမြန်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် တစ်လလျှင် လစာချီးမြှင့်ငွေ ကျပ်ငါးသိန်းနှုန်း ရယူခံစားနေသည့် ကိုယ်စားလှယ် (၇၆) ဦးရှိရာ မန္တလေးတိုင်း လွှတ်တော်ကိုယ်စားလှယ်များအတွက် လစာငွေအဖြစ် တစ်လလျှင် နိုင်ငံ့ဘဏ္ဍာ ကျပ်သိန်း (၃၈၀) ကျခံနေရသည်။ တစ်နှစ်စာအတွက် ကျပ်သိန်း (၄၅၆၀) ဖြစ်ပြီး ငါးနှစ်စာအတွက် ကျပ်သိန်း (၂၂၈၀၀) ဖြစ်သည်။

အထက်ပါကြယ်ပွင့်ပြမေးခွန်း (၁၃၀၀) ကျော် မေးမြန်းခဲ့မှုနှင့် လစာငွေကုန်ကျခဲ့မှု အချိုးချတွက်ချက်လျှင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အတွင်း မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း တစ်ခုချင်းစီအတွက် ကျပ် (၁၇) သိန်းကျော် ကုန်ကျနေသည့်သဘောဖြစ်သည်။ ကျပ်(၁၇)သိန်းကျော်သည် လူဦးရေငါးဦးရှိသည့် မိသားစုတစ်စု အတွက် အနည်းဆုံး ခြောက်လခန့် စားဝတ်နေရေးအတွက် အသုံးပြုရနိုင်သည့် ပမာဏလည်းဖြစ်သည်။

ထို့အပြင် ကြယ်ပွင့်ပြမေးခွန်း (၁၃၀၀) ကျော် မေးမြန်းခဲ့သည်ဟု ဆိုသော်လည်း ယင်းမေးခွန်းအများစုသည် လမ်းဖောက်၊ တံတားဆောက်၊ ကျောင်းပြုပြင်၊ ရေတွင်းရေကန်တူးဖော်စသည့် ဒေသဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သည့် မေးခွန်းများဖြစ်သည်။

"မေးခွန်းတစ်ခုက ၁၀ သိန်းကျော်တန်ပြီးတော့ ပြည်သူ့အတွက်

စာမျက်နှာ ၃ သို့

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်၏ ပထမအကြိမ်နှင့် ဒုတိယအကြိမ် နှိုင်းယှဉ်ချက်ဇယား

| | ပထမအကြိမ် | ဒုတိယအကြိမ် |
|---|---|---|
| အစည်းအဝေးပေါင်း | ၁၇ | ၂၄ |
| မေးခွန်း | ၂၁၄၀ | ၁၃၇၇ |
| အတည်ပြု အဆို | ၈၆ | ၂၀ |
| ဥပဒေ | ၂၉ | ၆ |
| နည်းဥပဒေ | ၃၉ | ၁ |

IN-DEPTH NEWS www.mdyindepth.com

အကျိုးမဖြစ်ဘူးဆို ဒါ Waste (လေလွင့်ဆုံးရှုံးမှု) လေ။ အလေအလွင့်လို့ပဲပြောရမယ်။ တစ်ချို့သော မေးခွန်းများသည် ရရင်လုပ်ပေးပါမယ်ဆိုတဲ့ သဘောရှိတယ်။ ဒီမှာ လမ်းလေးဖောက်ချင်ပါတယ်။ ဘတ်ဂျက်ရရင် လုပ်ပေးမယ်ပေ့ါ။ ဒီမှာ မီးလေးဆင်ချင်ပါတယ်။ ဘတ်ဂျက်ရရင်လုပ်ပေးပါမယ်ဆိုတဲ့အဖြေနဲ့ မေးခွန်းလည်း အများကြီးတွေ့ရမှာဖြစ်ပါတယ်။ အဲဒါမျိုးကျတော့လည်း တန်ဖိုးရှိတဲ့မေးခွန်း မဟုတ်တော့ဘူးလေ"ဟု လက်ရှိ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ မိုးကုတ်မြို့နယ် အမှတ် (၂) တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းတင်က မှတ်ချက်ပြုသည်။

မေးခွန်းတစ်ခု၏ တန်ဖိုးဟူသည် ငွေကြေးဖြင့် တွက်ချက်မှုအပြင် ပြည်သူအပေါ်အကျိုးရှိမည့် မေးခွန်း၊ အစိုးရဆောင်ရွက်ပေးနိုင်မည့် မေးခွန်းမျိုးဖြစ်လျှင် တန်ဖိုးရှိသည့်မေးခွန်းဟု ယေဘုယျသတ်မှတ်နိုင်ကြောင်း ၎င်းကဆိုသည်။

"ဌာနဆိုင်ရာတစ်ခုရဲ့ လုပ်သင့်လုပ်ထိုက်တဲ့ဟာကို ရေးကြီးခွင်ကျယ်လုပ်ပြီးတော့ မေးနေရတယ်ဆိုရင်လည်း တန်ဖိုးကကျတယ်လို့ထင်ပါတယ်"ဟု ၎င်းက ပြောသည်။

ငါးနှစ်တာအတွင်း လွှတ်တော်ကိုယ်စားလှယ်များ တင်ပြလာသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက စိစစ်သုံးသပ်ပြီး မေးသင့် မမေးသင့် ဆုံးဖြတ်ပေးရကြောင်း၊ တင်ပြလာသည့် မေးခွန်းများအနက် ပြည်ထောင်စုမှလုပ်ကိုင်နေသည့် မေးခွန်းများဖြစ်လျှင် တိုင်းဒေသကြီး၌မေး၍မရသဖြင့် ပယ်ချခြင်း၊ အစိုးရအပေါ် ပွတ်တိုက်မှုဖြစ်စေမည့် မေးခွန်းမျိုးဟု သတ်မှတ်လျှင်လည်း ပယ်ချခြင်းများရှိကြောင်း၊ ထို့အပြင် ရေးရာကော်မတီက ခွင့်ပြုလိုက်သော်လည်း လွှတ်တော်ဥက္ကဋ္ဌမှ ပယ်ချသည့် မေးခွန်းများလည်းရှိခဲ့ကြောင်း ယင်းကော်မတီဝင်အချို့က ဆိုသည်။

"သာဓက ပြောပါမယ်။ မိုးကုတ်မြို့အနေနဲ့ ကျောက်မျက်ဥပဒေ ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရက်ပေါင်း ၉၀ အတွင်းမှာ နည်းဥပဒေဆွဲရပါတယ်။ ဒါပေမယ့် နှစ်နှစ်လောက်ရှိပြီ နည်းဥပဒေက ဖြစ်မလာဘူး။ အဲဒါကို ကျွန်တော်တို့က မေးလိုက်လို့ရှိရင် ကိုယ့်အစိုးရကိုပဲ ပွတ်တိုက်တဲ့ဟာမျိုး ဖြစ်သွားမှာစိုးလို့ အဲဒါမျိုးကျတော့ ထိန်းသိမ်းပါတယ်။ မေးချင်သော်လည်း ထိန်းသိမ်းခဲ့ကြတယ်ပေ့ါနော်"ဟု ရေးရာကော်မတီဥက္ကဋ္ဌ ဦးစောသောင်းတင်က ရှင်းပြသည်။

မန္တလေးတိုင်းလွှတ်တော်တွင် မေးမြန်းခဲ့သည့် ကျပ်သိန်းဆယ်ချီတန်သော မေးခွန်းအများစုသည် ကျောင်းဆောက်၊ လမ်းဖောက်နှင့် တံတားပြင်ရန်တောင်းခံသည့် မေးခွန်းများဖြစ်ကြသော်လည်း တိုင်းလွှတ်တော်၏ပုံရိပ်ကို မြင့်တက်စေနိုင်သည့် မေးခွန်းအချို့လည်း မေးမြန်းမှု ရှိခဲ့ပါသည်။

"ပြင်ဦးလွင်မြို့နယ် ၂၁ မိုင်ရွာမှ သုံးတောင်ရွာအထိ ဧကတစ်သောင်း ဆီလီကွန်မြို့ပြတိုးချဲ့စီမံကိန်း IT City ၏ စီမံကိန်းလုပ်ငန်းရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လက်ရှိအခြေအနေ" မေးခွန်း၊ မန်းစည်ပင်၏ ပုဂ္ဂလိကကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုများဖြစ်သော ငှားရမ်းခြင်းလုပ်ငန်းများတွင် ငှားရမ်းခနှုန်းထားများကို ယခုခေတ်နှင့်လျော်ညီသောနှုန်းထားများ ပြင်ဆင်ချုပ်ဆိုရန်" မေးခွန်း၊ "မန်းစည်ပင်နယ်နိမိတ်အတွင်း ယာဉ်ကြောကြပ်တည်းမှုအပေါ် ကြိုတင်စီမံပြင်ဆင်ထားသည့်အနေဖြင့် အများပိုင်ဘတ်စ်ကားများ ပြေးဆွဲရန်ရှိမရှိ" မေးခွန်း၊ "အားကစားအဆောင်ဆောင် ငါးမန်းလောင်းကစားဂိမ်းများ ပေါ်များနေသည့်ကိစ္စကို မည်သို့ဖြေရှင်းမည်ကို သိလိုကြောင်း"စသည့် မေးခွန်းများသည် အများပြည်သူအကျိုးစီးပွားကိုရှေးရှုသောမေးခွန်းများဟုဆိုနိုင်သည်။

### လွှတ်တော်တွင်း မေးခွန်းအများဆုံးမေးသူနှင့် မေးခွန်းမမေးသည့် ကိုယ်စားလှယ်များ

လွှတ်တော်ဆိုင်ရာ သတ်မှတ်ချက်များအရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပုံမှန်အစည်းအဝေးတစ်ကြိမ်လျှင် အများဆုံး ကြယ်ပွင့်ပြမေးခွန်း (၁၀) ခုအထိ မေးခွင့်ရှိသည်။ မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် မေးခွန်းအရေအတွက် အများဆုံးမေးမြန်းသူများသည် ပြည်ခိုင်ဖြိုးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပြီး သာစည်မြို့နယ် အမှတ် (၁) ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းက မေးခွန်း (၁၄၃) ခု၊ သာစည်မြို့နယ်အမှတ် (၂) ကိုယ်စားလှယ် ဦးစံထွန်းက မေးခွန်း (၁၁၀) ခု၊ မိတ္ထီလာမြို့နယ် အမှတ် (၁) ကိုယ်စားလှယ် ဦးအောင်ကျော်မိုးက မေးခွန်း (၁၀၄) ခုဖြင့် အများဆုံး မေးမြန်း

စာမျက်နှာ ၄ သို့

ခဲ့သည်။

ဒီချုပ်ပါတီကိုယ်စားလှယ်များအနက် မေးခွန်းအများဆုံး မေးမြန်းသည့် ကိုယ်စားလှယ်များသည် ဦးမင်းအောင် (မြစ်သား-၁)၊ ဦးရဲမင်းဦး (ပုသိမ်ကြီး-၂)၊ ဦးကျော်စိုးနိုင် (ငါန်းဇွန်-၂) တို့ဖြစ်ပြီး ၎င်းတို့သည် လွှတ်တော်သက်တမ်း ငါးနှစ်နီးပါးကာလအတွင်း တစ်ဦးလျှင် မေးခွန်း (၅၀) မှ (၆၆) ခုအထိ မေးမြန်းခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ငါးနှစ်တာသက်တမ်းအတွင်း မေးခွန်းတစ်ကြိမ်မျှ မေးမြန်းခြင်းမရှိသော လွှတ်တော်ကိုယ်စားလှယ်များလည်း ရှိသည်။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်များသည် ဒီချုပ်ပါတီကိုယ်စားပြု ကိုယ်စားလှယ်များဖြစ်သည်။

မတ္တရာမြို့နယ် အမှတ် (၁) တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး၊ ဝမ်းတွင်းမြို့နယ် အမှတ် (၂) တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူနှင့် ကျောက်ဆည်မြို့နယ် အမှတ် (၂) တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်တို့သည် ငါးနှစ်တာကာလ လွှတ်တော်အစည်းအဝေးကျင်းပသည့် ရက်ပေါင်း (၁၄၀) ကျော်အတွင်း လွှတ်တော်၌ တစ်ကြိမ်တစ်ခါမျှ မေးခွန်းမေးမြန်းမှု မရှိခဲ့ပေ။

၎င်းတို့သုံးဦးအနက် ဦးအောင်ကြည်သည် ၂၀၁၉ ဇူလိုင်လအတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။

## တစ်နှစ်လျှင် အဆိုလေးခု

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၏ ပထမဆုံးအဆိုသည် "အစိုးရအကူးအပြောင်းကာလများအတွင်း အများပြည်သူနှင့်သက်ဆိုင်သည့် ဧရိယာကျယ်ဝန်းသော မြေကွက်များ၊ ပလပ်မြေများအား လူပုဂ္ဂိုလ်အမည်များဖြင့် မြေနေရာချထားပေးမှုများအား ပြန်လည်စိစစ်၍ အများပြည်သူအကျိုးအတွက် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေး" တိုက်တွန်းသည့်အဆိုဖြစ်သည်။

ယင်းအဆိုကြောင့် မန္တလေးတိုင်းအတွင်း ပြည်ခိုင်ဖြိုးအစိုးရလက်ထက် တရားမဝင် လက်သိပ်ထိုး၍ မြေကွက်များစွာကို အစိုးရနှင့်နီးစပ်သူများထံ ချထားပေးသည့် ဖြစ်စဉ်များကို တိုင်းအစိုးရက ပြန်လည်စိစစ်ခဲ့ရသည်။ ဒေါက်တာဇော်မြင့်မောင် ဦးဆောင်သည့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ထုတ်ပြန်ချက်အရ အစိုးရအကူးအပြောင်းကာလ ၂၀၁၆ ဇန်နဝါရီ (၁) ရက်မှ မတ်လ (၃၀) ရက်အတွင်း မန္တလေးမြို့ပေါ်ရှိ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများ၊ အများပြည်သူပိုင်မြေများကို ပြည်ခိုင်ဖြိုးအစိုးရက ၎င်းတို့နှင့်နီးစပ်သူများထံ လွှဲပြောင်းချထားပေးခဲ့မှုများ အများအပြားရှိခဲ့ပြီး မြေကွက်ပေါင်း ၇၂ ကွက်၊ မြေ ၁၆၆ ဧကကျော်အထိ ရှိခဲ့သည်ဟုဆိုသည်။ အဆိုပါ မြေကွက်ချထားပေးမှုများအနက် လူတစ်ဦးတည်းသို့ မြေဧကအလွန်များစွာ ချထားပေးခြင်းမှာ လေးဦးအထိရှိသည်ဟုဆိုသည်။

သို့သော် အထက်ပါ အဆိုနှင့်ပတ်သက်၍ ပုဂ္ဂလိကသို့ ချထားပေးခဲ့သည့် မြေကွက်များမည်မျှအထိ ပြန်လည်သိမ်းယူ ပြီးစီးပြီဆိုသည့် နောက်ဆုံးအခြေအနေကိုမူ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က သတင်းထုတ်ပြန်ခြင်း မရှိတော့ပါ။

"အများပြည်သူ လုံခြုံစိတ်ချစွာသွားလာနိုင်ရေးနှင့် ခိုးမှု၊ မုဒိမ်းမှု၊ လုယက်မှုများ လျော့နည်းပပျောက်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အထူးအလေးပေး ဆောင်ရွက်ရန်"၊ "မန္တလေးတိုင်းအတွင်းရှိ တရားရုံးများကို တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ယခုထက် ပိုမိုထိန်းကွပ်ကြီးကြပ်ပေးရန်"၊ "မန္တလေးတိုင်းအတွင်း တရားဝင်ဆေးကုသခွင့် လိုင်စင်မရှိဘဲ ဥပဒေမဲ့ ဆေးကုသနေမှုများအား စစ်ဆေးကြပ်မတ်အရေးယူပေးရန်"စသည့် အစိုးရအား တိုက်တွန်းသည့် အဆိုများကိုလည်း လက်ရှိဒုတိယအကြိမ် လွှတ်တော်သက်တမ်းငါးနှစ်အတွင်း တင်သွင်းခဲ့သည်ကို တွေ့ရသည်။

ဒုတိယကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သက်တမ်းအတွင်း အဆို (၆၄) ခု တင်သွင်းခဲ့ပြီး လွှတ်တော်မှ အတည်ပြုသည့်အဆို (၂၀) ခု၊ မှတ်တမ်းတင်ခဲ့သည့်အဆို ကိုးခု၊ အတည်မပြုသည့်အဆိုသုံးခု၊ ရုတ်သိမ်းအဆိုတစ်ခု၊ ဆိုင်းငံ့အဆို ခုနစ်ခု၊ မေးခွန်းပြောင်းအဆိုလေးခု၊ ခွင့်မပြုအဆို (၂၀) ခု ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ လွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာတွင် ပါရှိသည်။

ပြီးခဲ့သည့် ပထမအကြိမ် မန္တလေးတိုင်းလွှတ်တော်သက်တမ်းအတွင်း အဆို (၁၀၅) ခု တင်သွင်းခဲ့ပြီး အဆို (၈၆) ခု အတည်ပြုနိုင်ခဲ့ကြောင်း လွှတ်တော်မှတ်တမ်းများတွင် ဖော်ပြထားသည်။

လက်ရှိလွှတ်တော် သက်တမ်းအတွင်း ခွင့်မပြုသောအဆိုများသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိစွန်းနိုင်သည့်အဆိုများ၊ အစိုးရကို ပွတ်တိုက်စေမည့် အဆိုမျိုးများဖြစ်ကြောင်း ယင်းကော်မတီဥက္ကဋ္ဌ ဦးစောသောင်းတင်က ရှင်းပြသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်တွင်း မေးခွန်းနှင့် အဆိုများ မေးမြန်းဆွေးနွေးရာတွင် ပါတီအကြီးအကဲလည်းဖြစ်၊ တိုင်းလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်သည့် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုယ်တိုင်ဝင်ရောက်စွက်ဖက်ခြင်းမျိုး မရှိသော်လည်း မီးစင်ကြည့်ကရသည့် အနေအထားမျိုးဖြစ်ကြောင်း ဦးစောသောင်းတင်က ဖွင့်ဟသည်။

"သူတို့ မျက်နှာညိုမယ့်ဟာကိုတော့ ကျွန်တော်တို့ မမေးရဲပါဘူးခင်ဗျာ။ အဘခေတ်ကလိုပေါ့။ အဘ ရာသီဥတုကောင်းတယ်ဟော့ဆို ပြောစရာရှိတာ ပြောပြော၊ အဘ ရာသီဥတုမကောင်းဘူးဆိုရင် အဲဒီ ရှေ့ကကို ဖြတ်မလျှောက်ရဲတော့ဘူး။ ဆေးလိပ်ပြာခွက်နဲ့ အပေါက်ခံရမယ်ဆိုတဲ့သဘော။ အရင်တုန်းကပေါ့။ အခုခေတ်တော့ အဲဒီလောက် မဆိုးပါဘူး။ ဒါပေမယ့် အရိပ်သုံးပါးတော့ သိရပါတယ်ခင်ဗျာ"ဟု ၎င်းက ပြောသည်။

ဒုတိယအကြိမ် မန္တလေးတိုင်း လွှတ်တော်သက်တမ်းအတွင်း အဆိုတင်သွင်းသူ (၁၂) ဦး ရှိခဲ့ပြီး ယင်း (၁၂) ဦးစလုံးသည် ဒီချုပ်ပါတီကိုယ်စားလှယ်များဖြစ်သည်။ အဆိုအများဆုံးတင်သွင်းသူသည် ချမ်းမြသာစည်မြို့နယ် အမှတ် (၁) တိုင်းကိုယ်စားလှယ် ဦးတင်အောင်ဖြစ်ပြီး ၎င်းက အဆိုခြောက်ခုအထိ တင်သွင်းခဲ့သည်။ ထို့အပြင် ဦးမြင့်အောင်မိုး (ချမ်းမြသာစည်-၂)၊ ဦးလှိုင်ဝင်း (စဉ့်ကိုင်-၂)၊ ဦးအောင်မင်း (ပြင်ဦးလွင်-၁)၊ ဒေါက်တာညီမင်းဟန် (အောင်မြေသာစံ-၁)၊ ဒေါက်တာကျော်ဦး (အောင်မြေသာစံ-၂)၊ ဦးမြင့်ဆွေ (အမရပူရ-၂)၊ ဦးမင်းမင်း (မတ္တရာ-၂)၊ ဦးချမ်းမြေ့ (မြင်းခြံ-၁)၊ ဦးချစ်မင်းသိန်း (မလှိုင်-၁)၊ ဒေါ်သီတာငြိမ်း (မလှိုင်-၂)နှင့် ဒေါ်သင်းမြမြသင်း (မြစ်သား-၂) တို့ကလည်း အဆိုတင်သွင်းမှုရှိခဲ့သည်။

လွှတ်တော်သက်တမ်း ငါးနှစ်အတွင်း အတည်ပြုအဆို (၂၀) ခုဖြစ်သောကြောင့် တစ်နှစ်လျှင် အဆိုလေးခု တင်သွင်းနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းအဆိုများအနက် ထက်ဝက်ခန့်သည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများ အတည်ပြုပေးရန် တင်သွင်း

စာမျက်နှာ ၅ သို့

သည့် အဆိုများဖြစ်သည်။

## ဥပဒေခြောက်ခုသာ ပြဋ္ဌာန်းနိုင်ခဲ့သော လွှတ်တော်

လွှတ်တော်၏အဓိကတာဝန်သည် ဥပဒေပြုရေး ဖြစ်သော်လည်း ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်မှု အားနည်းခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ ငါးနှစ်တာအစီရင်ခံစာတွင် ထောက်ပြထားသည်။

ပြင်ဆင်ခဲ့သည့်ဥပဒေနှစ်ခု၊ အသစ်ပြဋ္ဌာန်းခဲ့သည့် ဥပဒေလေးခုသာရှိခဲ့ပြီး သက်တမ်း ငါးနှစ်အတွင်း စုစုပေါင်း ဥပဒေခြောက်ခုကိုသာ ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့သည်။ (နှစ်စဉ် မဖြစ်မနေ ရေးဆွဲပြဋ္ဌာန်းသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(ဘတ်ဂျက်ဥပဒေ)၊ ဒေသန္တရ စီမံကိန်းဥပဒေများကိုမူ ယခုစာရင်းတွင် ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။)

လက်ရှိလွှတ်တော်၏ ဥပဒေပြဋ္ဌာန်းနိုင်မှု အားနည်းခြင်းသည် ပထမအကြိမ်လွှတ်တော် သက်တမ်းအတွင်း ဥပဒေ (၄၂) ခုအထိ ပြဋ္ဌာန်းပြီးဖြစ်၍ ထပ်မံမပြဋ္ဌာန်းခြင်း၊ ကိုယ်စားလှယ်များမှ ဥပဒေပြုရန် စိတ်ဝင်စားမှုအားနည်းခြင်း၊ ဥပဒေရေးဆွဲနိုင်သည့် အတတ်ပညာနည်းပါးခြင်းတို့ကြောင့်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ချမ်းမြသာစည်မြို့နယ် အမှတ် (၁) တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်က ပြောသည်။

“ဥပဒေတစ်ခုပြုဖို့အတွက်တောင်မှ သူတို့ (လွှတ်တော်ကိုယ်စားလှယ်များ)မှာ တာဝန်မရှိသလိုလိုများ ထင်သလားလို့ ကိုယ့်စိတ်ထဲမှာ တွေးမိတယ်ဗျာ။ ကိုယ့်အတွေးပါ။ အားလုံးက ဘာပဲစဉ်းစားနေကြသလဲလို့မေးရင် ဖွံ့ဖြိုးရေးလုပ်ငန်းကိုပဲသာလျှင် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့လုပ်ငန်းလို့ စိတ်ထဲမှာထင်နေကြတာ”ဟု ဦးတင်အောင်က ဆိုသည်။

ဥပဒေရေးဆွဲရန်အတွက် ဥပဒေသမားများပင်လျှင် ဖြောင့်တန်းအောင်ရေးနိုင်ရန်ခက်ခဲပြီး ဥပဒေရေးနည်းအတတ်ပညာကို ပံ့ပိုးပေးနိုင်သည့် အဖွဲ့အစည်းများလည်းမရှိကြောင်း ၎င်းက ထပ်လောင်းပြောဆိုသည်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် အဓိကတာဝန်သုံးရပ်ရှိပြီး ပြည်သူကိုယ်စားပြုမေးခွန်းအဆိုများ မေးမြန်းတင်သွင်းရန် (သို့မဟုတ်) မေးမြန်းတင်သွင်းခြင်းမပြုဘဲ ဒေသတွင်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ အစိုးရအဖွဲ့ကို ထိန်းကျောင်းနိုင်ရန်အတွက် ဘတ်ဂျက်စီမံခန့်ခွဲရန်နှင့် ဥပဒေပြုရန်စသည်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော် လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက ရှင်းပြသည်။

မန္တလေးတိုင်းလွှတ်တော် သက်တမ်းငါးနှစ်အတွင်း ဥပဒေခြောက်ခုကိုသာ ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းနိုင်ခဲ့သော်လည်း ဥပဒေပြုရေးအပိုင်း အားနည်းသည်ဟု မယူဆကြောင်း ဦးမြင့်အောင်မိုးက ပြောသည်။

“ဥပဒေပြုရေးအပိုင်းမှာ အားနည်းလားလို့ပြောရင်တော့လည်း အားနည်းတယ်လို့တော့ မယူဆဘူး။ တခြား တိုင်းနဲ့ပြည်နယ်တွေနဲ့တော့ မယှဉ်ဘူး။ မန္တလေးတိုင်းအနေနဲ့ ပြည်သူအကျိုးအတွက် ပိုဖြစ်စေမယ့်ဥပဒေတွေ ပြဋ္ဌာန်းခဲ့တယ်။ နောက်ထပ်လည်း ပြဋ္ဌာန်းမယ့်ဥပဒေတွေရှိတော့ အများအမြင်တော့ ဥပဒေပြုပြီးသားက ခြောက်ခုလောက်ပဲဆိုပေမယ့် ပြည်သူတွေ အဆင်ပြေစေမယ့်ဟာတွေဖြစ်လို့ အရမ်းအားနည်းတယ်လို့ မယူဆဘူး”ဟု ၎င်းကဆိုသည်။


တိုင်းလွှတ်တော်ကပြဋ္ဌာန်းလိုသည့် ဥပဒေသည် ပြည်ထောင်စုနှင့် မဆန့်ကျင်စေရန်အတွက် ပြည်ထောင်စုဥပဒေကို စောင့်ဆိုင်းနေရခြင်းမျိုးလည်းရှိသဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်မှုနည်းနေခြင်းလည်း ဖြစ်ကြောင်း ၎င်းကပြောသည်။

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သက်တမ်းအတွင်း ပြင်ဆင်ခဲ့သည့်ဥပဒေများသည် ၂၀၁၄ ခုနှစ်

စာမျက်နှာ ၆ သို့




Pic-1***တိုင်းအစိုးရ အဖွဲ့တွင် ဝန်ကြီးချုပ်၊ ဝန်ကြီး တာဝန်ထမ်းဆောင်နေသူများ မပါဝင်ပါ။




Pic-2***တိုင်းအစိုးရ အဖွဲ့တွင် ဝန်ကြီးချုပ်၊ ဝန်ကြီး တာဝန်ထမ်းဆောင်နေသူများ မပါဝင်ပါ။

မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ဖြစ်သည်။ အသစ်ရေးဆွဲ ပြဋ္ဌာန်းနိုင်ခဲ့သည့် ဥပဒေများသည် မန္တလေးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ၊ မန္တလေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဥပဒေ၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့် မန္တလေးတိုင်းဒေသကြီး အသေးစားနှင့် လက်လုပ်လက်စား ကျောက်မျက်ရတနာဥပဒေတို့ ဖြစ်သည်။

နည်းဥပဒေအနေဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေတစ်ခုတည်းသာ ပြဋ္ဌာန်းနိုင်ခဲ့သည်။

ဒုတိယအကြိမ် မန္တလေးတိုင်းလွှတ်တော်အနေဖြင့် အဆို၊ မေးခွန်းများဖြင့် ပြည်သူ့အသံထင်ဟပ်စေခြင်း၊ အစိုးရအပေါ် အပြန်အလှန် ထိန်းကျောင်းခြင်းများ လုပ်ဆောင်နိုင်ခဲ့သော်လည်း ယခုထက်ပိုမို၍ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းသင့်သည်ဟု လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီအဖွဲ့ဝင် နွားထိုးကြီးမြို့နယ် အမှတ် (၁) တိုင်းကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်က လွှတ်တော်အစည်းအဝေးတွင် ပြောသည်။

"ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်သော ပြည်သူကို အထောက်အကူပြုသော၊ ပြည်သူတို့၏ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ကို ပိုမိုရရှိစေသော ဥပဒေများအား ယခုထက်ပိုမို၍ ပြဋ္ဌာန်းခြင်းနှင့် ပြဋ္ဌာန်းပြီးသောဥပဒေများကို ခေတ်ကာလနှင့်လျော်ညီစွာ ပြင်ဆင်ဆောင်ရွက်ခြင်းကို ဒီထက်ပိုပြီး ပြင်ဆင်ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြပါတယ်"ဟု ၎င်းကဆိုသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ငါးနှစ်သက်တမ်းတွင် ဘတ်ဂျက်ဥပဒေ (၁၃) ခု အပါအဝင် ဥပဒေ (၄၂) ခု ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ (၃၉) ခုကိုလည်း ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း လွှတ်တော်မှတ်တမ်းများတွင် ဖော်ပြထားသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၁၈၈ တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသည် ဇယား (၂) တွင် ပါဝင်သော ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်ဟု ဖော်ပြထားသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သက်တမ်းအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) ပါ တိုင်းဒေသကြီးနှင့်ပြည်နယ်ဥပဒေပြုစာရင်းအရ တိုင်းလွှတ်တော်မှ ဥပဒေပြုနိုင်သည့် ကဏ္ဍ (၄၁) ခုသာ ရှိခဲ့သည်။ သို့သော် ၂၀၁၅ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့ရာ ဇယား(၂) ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေပြုစာရင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ ဥပဒေပြုနိုင်သည့်ကဏ္ဍ (၇၅) ခုအထိ ရှိလာသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ မန္တလေးတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် ဥပဒေသစ်များ ရေးဆွဲပြဋ္ဌာန်းနိုင်သည့်ကဏ္ဍများစွာ ကျန်ရှိနေသေးသော်လည်း ပြည်ထောင်စုမှ ရေးဆွဲသည့်ဥပဒေများတွင် တိုင်းနှင့်ပြည်နယ်အစိုးရများအတွက် လုပ်ကိုင်ခွင့်ချန်မထားသဖြင့် ဥပဒေသစ်ရေးဆွဲရန် အခက်ခဲများလည်းရှိကြောင်း ဦးတင်အောင်က ပြောသည်။

"သက်ကြီးဘိုးဘွားတွေနဲ့ ပတ်သက်တဲ့ကိစ္စ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လုပ်ပိုင်ခွင့်ရှိတယ်၊ ရေးပိုင်ခွင့်ရှိတယ်။ ဒါပေမယ့် ပြည်ထောင်စုက ပြဋ္ဌာန်းတဲ့ဥပဒေထဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဟာ အကြံပေးရုံလောက်ပဲ ပေးထားပြီးတော့ ဘာတွေလုပ်ရမယ်၊ ဘာတွေလုပ်သင့်တယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ လုပ်ပိုင်ခွင့်မချန်ခဲ့ဘူး။ အဲဒီတော့ သူတို့လည်း မလုပ်တတ်ဘူး။ ဒီကလည်း ရေးဆွဲလို့မရဘူးဖြစ်သွားတယ်"ဟု ဦးတင်အောင်က ဥပမာပေးသည်။

## အစိုးရအဖွဲ့အပေါ် စောင့်ကြည့်ထိန်းကျောင်းနိုင်မှု

တိုင်းအစိုးရအဖွဲ့မှ လွှတ်တော်သို့တင်သွင်းသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများ၊ ဒေသန္တရစီမံကိန်းဥပဒေများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်ထောက်ပြ ဆွေးနွေးလေ့ရှိသည်။ သို့သော် ပြီးခဲ့သည့် လပိုင်းအတွင်း ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးများတွင်မူ တိုင်းအစိုးရအဖွဲ့က တင်သွင်းလာသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးမှုနည်းပါးခဲ့သည်။

ယင်းနှင့်ပတ်သက်၍မူ သက်ဆိုင်ရာဌာနများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မှုကြောင့် လွှတ်တော်တွင်း ဆွေးနွေးမှုလျော့နည်းသွားခြင်းဖြစ်ကြောင်း ဦးမြင့်အောင်မိုးက ရှင်းပြသည်။

"ဘတ်ဂျက်ရောက်တာနဲ့ ဘတ်ဂျက်စာအုပ်တွေ ကော်မတီအလိုက် ပေးလိုက်တယ်။ လုပ်ငန်းပါတဲ့ကိုယ်စားလှယ်တွေက စာအုပ်တွေကို ဖတ်တယ်။ ဥပမာ- စိုက်ပျိုးရေးဆိုရင် စိုက်ပျိုးရေးကော်မတီက မြေပြင်ကွင်းဆင်း စစ်တာတွေ၊ ကြည့်တာတွေလုပ်တယ်။ ပြီးရင် ဌာနဆိုင်ရာတွေခေါ်တယ်။ ပြင်သင့်တာတွေ ပြင်ခိုင်းတယ်။ ဖျက်သင့်တာ ဖျက်ခိုင်းတယ်။ မထည့်သင့်တာ မထည့်ခိုင်းဘူး။ ကော်မတီနဲ့ ဌာနနဲ့ အရင်ဆုံးလွှတ်တော်ကို ဘတ်ဂျက်ကိုမတင်ခင်မှာ ဆွေးနွေးပြီးတော့မှ Proposal (အဆိုပြုလွှာ)မှာ တင်ပြင်လိုက်တဲ့အခါမှာ ၁၈-၁၉၊ ၁၉-၂၀ မှာ လွှတ်တော်ပေါ်မှာ ဆွေးနွေးတာက နည်းသွားတာပေါ့လေ။ ထောက်ပြဝေဖန်ဆွေးနွေးတာ အားနည်းသွားတာတော့ မဟုတ်ဘူး "ဟု ၎င်းကဆိုသည်။

သို့သော် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး တိုင်းစာရင်းစစ်ချုပ်က တင်သွင်းခဲ့သည့် မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာငွေ အရအသုံးစာရင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတွင်မူ ဘဏ္ဍာငွေများ စီမံခန့်ခွဲရာတွင် ချို့ယွင်းချက်၊ အားနည်းချက်များ တွေ့ရသည်ဟု ဆိုသည်။

အဓိကအားဖြင့် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများတွင် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းငွေများ ဖြစ်ပေါ်ခဲ့ပြီး ထိုသို့ဖြစ်ပေါ်ရခြင်းသည် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှုမရှိခြင်း၊ ရငွေလျော့နည်းပေးသွင်းခြင်း၊ ပြေစာအထောက်အထားမရှိဘဲ ပေးသွင်းခြင်းစသည့်တို့ကြောင့်ဖြစ်ကြောင်း တိုင်းစာရင်းစစ်ချုပ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့အပြင် ပြီးခဲ့သည့် ဩဂုတ်လအတွင်း မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂

စာမျက်နှာ ၇ သို့

တစ်ဦး၊ အင်ဂျင်နီယာမှူးတစ်ဦးနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးတို့ အဂတိလိုက်စားမှုပေါ်ပေါက်ခဲ့ရာတွင်လည်း အဆိုပါစည်ပင်ဝန်ထမ်းများသည် အရပ်သားပြည်သူထံမှ ငွေကြေးတောင်းခံကာ အဂတိလိုက်စားခြင်းမဟုတ်ဘဲ နိုင်ငံဘဏ္ဍာငွေကို မမှန်မကန် ထုတ်ယူသုံးစွဲခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က သတင်းထုတ်ပြန်ထားသည်။ ၎င်းတို့သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မီနီဘတ်ဂျက် အမိုက်ကျင်းပြင်ဆင်ခြင်း လုပ်ငန်းတွင် အမိုက်ကျင်းဟောင်း ပြင်ဆင်ခြင်းအတွက် မူလခွင့်ပြုငွေမှ ငွေကျပ်သိန်း(၁၅၀)ကို ငွေလက်ခံရယူသူ လက်မှတ်မပါရှိဘဲ အမှန်တကယ်ပေးချေခဲ့ခြင်းမရှိသည့် ဌားရမ်းခပြေစာ (၂) စောင်အသုံးပြု၍ ထုတ်ယူခဲ့ပြီး Dozer ဌားရမ်းခ ငွေကျပ် (၁၅) သိန်းသာ ပေးချေခဲ့ကြောင်း၊ ထို့အတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ် (၁၃၅) သိန်း နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့အပြင် မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက်အတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူခြင်းမရှိမှု၊ ဘတ်ဂျက်ခွင့်ပြုငွေမှ ပိုလျှံငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံခန့်ခွဲမှုမရှိမှုတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူခြင်းဖြစ်သည်ဟု ထုတ်ပြန်ထားသည်။

မည်သို့ပင်ဆိုစေကာမူ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ငါးနှစ်တာ သက်တမ်းသည် မကြာမီကုန်ဆုံးတော့မည်ဖြစ်ပြီး ရွေးကောက်ပွဲမှတစ်ဆင့် အများပြည်သူရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်အသစ်များလည်း ပေါ်ထွက်လာပြီဖြစ်သည်။

တတိယအကြိမ် လွှတ်တော်သက်တမ်း (၂၀၂၁-၂၀၂၆)အတွက် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များတွင် လက်ရှိ လွှတ်တော်ကိုယ်စားလှယ်အများစု ပြန်လည်ပါဝင်သည်ကိုလည်း တွေ့ရသည်။

သို့သော် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် အဆို၊ မေးခွန်း မေးမြန်းဆွေးနွေးမှုအားကောင်းခဲ့သည့် ဒီချုပ်ပါတီကိုယ်စားပြု ကိုယ်စားလှယ်အချို့မှာမူ ပြန်လည်ရွေးချယ်ခံရခြင်းမရှိကြောင်း မန္တလေးမြို့အခြေစိုက် လွှတ်တော်စောင့်ကြည့်ရေးလုပ်ဆောင်နေသည့် Hluttaw Culture အဖွဲ့က ဆိုသည်။

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သည် ဖေဖော်ဝါရီလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ကျန်ရှိနေသေးသည့် ကာလအတွင်း ဥပဒေသစ်များ ဆက်လက်ပြဋ္ဌာန်းဦးမည်လား၊ အဆို၊ မေးခွန်းများ ဆက်လက်ဆွေးနွေး မေးမြန်းဦးမည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**(မြတ် (ကလေး) / Mandalay In-depth News ၏ သတင်းဆောင်းပါးအား https://www.facebook.com/mandalayindepthnews/posts/992372361286219 မှတစ်ဆင့် ပြန်လည်စုစည်းဖော်ပြပါသည်။)**

# လွှတ်တော်ဆိုတာ အစိုးရကိုဖြုတ်ချနိုင်သည်ဟု မတွေးစေချင်ကြောင်း NLD ဒုဥက္ကဋ္ဌ ဆို

**ဒီဇင်ဘာ ၇၊ ၂၀၂၀**

၂၀၂၀ ရွေးကောက်ပွဲရလဒ်အရ အတိုက်အခံမဲ့ဖြစ်လာမည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကို ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်မည်ဆိုသော်လည်း ဝန်ကြီးချုပ်ကိုဖြုတ်ချခဲ့သော ကယားပြည်နယ်လွှတ်တော်ကဲ့သို့ ဖြစ်မလာစေချင်ကြောင်း အာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင်က ပြောကြားလိုက်သည်။

"ကယားကိစ္စကို သင်ခန်းစာယူထားတယ်။ လွှတ်တော်အဖွဲ့အစည်းဆိုတာ အစိုးရကို ဖြုတ်ချလို့ရတယ်ဆိုတဲ့ အတွေးမျိုးမရှိကို မရှိစေချင်ဘူး။ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံအတွက် ဘယ်လိုပူးပေါင်းဆောင်ရွက်ရမလဲဆိုတာစဉ်းစားပြီး အကျိုးပြုလုပ်ငန်းတွေလုပ်ရမှာလေ"ဟု လက်ရှိ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်လည်းဖြစ်သူ ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

ဒီဇင်ဘာ ၁ ရက်နေ့က ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးအပြီး Myanmar Now က မေးမြန်းခဲ့ရာတွင် ဒေါက်တာဇော်မြင့်မောင်က အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်ပြီး ကယားပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော်ကစွပ်စွဲပြစ်တင်ကာ ဖြုတ်ချခဲ့ခြင်းကို ၎င်းက ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲတွင် NLD ပါတီက မန္တလေး၊ မကွေး၊ ပဲခူး၊ တနင်္သာရီနှင့် ဧရာဝတီစသည့် တိုင်းဒေသကြီး ၅ ခုတွင် တိုင်းလုံးကျွတ်အနိုင်ရရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် ကိုယ်စားလှယ် ၇၆ ဦးရှိသည့်အနက် တပ်မတော်သား ကိုယ်စားလှယ် ၁၉ ဦးမှလွဲ၍ ရွေးကောက်ခံကိုယ်စားလှယ်အားလုံးမှာ NLD မှဖြစ်သည်။

မန္တလေးတိုင်းလွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ်အားလုံးသည် NLD ပါတီမှချည်းပဲဖြစ်သော်လည်း အစိုးရကို ထိန်းကျောင်းခွင့်ရှိသည်ဟု ဒေါက်တာဇော်မြင့်မောင်ကဆိုပြီး "ပါတီကို သစ္စာရှိတဲ့သူလို့ဆိုပေမယ့် ပါတီနဲ့နိုင်ငံယှဉ်လာရင် နိုင်ငံအပေါ် ဦးစားပေးရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေက (ပါတီမှာ) ရှိပြီးသားပါ"ဟု ၎င်းက ပြောသည်။

သို့သော် လက်ရှိမန္တလေးတိုင်းလွှတ်တော်အတွင်း အင်တိုက်အားတိုက် မေးမြန်းခဲ့သော NLD လွှတ်တော်အမတ် အနည်းဆုံး ၆ ဦးမှာ နောက်တစ်ကြိမ်လွှတ်တော်တွင် ပြန်လည်ပါဝင်လာမည် မဟုတ်တော့ပေ။ အစိုးရအဖွဲ့ကို ထောက်ပြဆွေးနွေးခဲ့သောကြောင့် ပါတီက ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းလျှောက်လွှာ ပယ်ချခဲ့သည်ဟု ၎င်းတို့အနက် အချို့ကယူဆသည်။

"ပြည်သူကိုယ်စားပြုပြီး ပြောသင့်ပြောထိုက်တာတွေ လွှတ်တော်မှာ ပြောခဲ့တာပါ။ ဒါပေမဲ့ ပါတီနဲ့ ပူးပေါင်းလုပ်ဆောင်မှုအားနည်းလို့ မရွေးတာလို့ ပြန်ကြားတာပါပဲ" ဟု မန္တလေးတိုင်းလွှတ်တော်၌ အဆိုအများဆုံးတင်ခဲ့သူ ချမ်းမြသာစည်မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်က Myanmar Now ကို ပြောသည်။

ရွေးကောက်ပွဲ ပြန်လည်ယှဉ်ပြိုင်ခွင့်မရသည့် NLD ကိုယ်စားလှယ်များအနက် ငါန်းဇွန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) လက်ရှိ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်သဲဆုဝေ

စာမျက်နှာ ၈ သို့

လည်း အပါအဝင်ဖြစ်သည်။ ၎င်းသည် မန္တလေးတိုင်း ဆည်မြောင်းဝန်ကြီးဌာန၏ ဘတ်ဂျက်တောင်းခံမှုကို စိစစ်ဖြတ်တောက်ခဲ့သည့် ပြည်သူ့ငွေစာရင်းသုံးစွဲမှုစိစစ်ရေး တိုင်းလွှတ်တော်ကော်မတီ အတွင်းရေးမှူးလည်းဖြစ်သည်။

"ပြည်သူ့ဘဏ္ဍာတွေကို အဟောသိကံအဖြစ်မခံနိုင်လို့ ကျွန်မတို့ စိစစ်ဖြတ်တောက်ခဲ့တာပါ။ ဒီလိုစိစစ်ဖြတ်တောက်တဲ့ ဘတ်ဂျက်တွေကလည်း လွှတ်တော်ထဲကို ရောက်မှာမဟုတ်ဘူးလေ။ အဲဒီအပေါ် အစိုးရက နားလည်မှုလွဲတာမျိုးရှိရင် ရှိနိုင်မယ်"ဟု ဒေါ်သဲဆုဝေက ပြောသည်။

လက်ရှိကိုယ်စားလှယ်အချို့ကို ပြန်လည်ရွေးကောက်ယှဉ်ပြိုင်ခွင့်မပြုရသည့် အကြောင်းအရင်းနှင့်ပတ်သက်၍ ဒေါက်တာဇော်မြင့်မောင်က "ကျန်ခဲ့တဲ့သူတွေက ပွင့်ပွင့်လင်းလင်းပြောရရင် ချန်ထိုက်တဲ့သူတွေမို့ ချန်ခဲ့တာပါ" ဟု ပြောသည်။

လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်တွင်း စွမ်းဆောင်ရည်ကောင်းရုံမျှမက သက်ဆိုင်ရာမြို့နယ်ပါတီနှင့် ပြည်သူလူထုအကြား ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်ရန် လိုအပ်သည်ဟုလည်း ဒေါက်တာဇော်မြင့်မောင်က ဆိုသည်။

အစိုးရ၊ လွှတ်တော်နှင့် ပြည်သူဟူသော သုံးပွင့်ဆိုင်အခြေအနေကြားတွင် ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးအနေဖြင့် အခြေအနေပေါ်မူတည်ကာ လုပ်ကိုင်ရမည့်သဘောဖြစ်သည်ဟု မိတ္ထီလာမြို့နယ် တိုင်းလွှတ်တော်အမှတ် (၂) မဲဆန္ဒနယ်တွင် NLD ကိုယ်စားပြုအနိုင်ရထားသည့် ဦးမောင်မောင်ကြီးက ဆိုသည်။

"ပြည်သူတွေရဲ့ ခံစားချက်၊ လိုလားတောင့်တချက်တွေကို ဖြည်ဆည်းပေးရမှာဖြစ်သလို ပါတီရဲ့မူနဲ့ လမ်းညွှန်ချက်ကိုလည်း သွေဖည်လို့တော့မရဘူးပေါ့"ဟု ဦးမောင်မောင်ကြီးက ပြောသည်။

မန္တလေးတိုင်းဝန်ကြီးချုပ်သည် ပါတီဒုဥက္ကဋ္ဌတာဝန်ယူထားသူလည်း ဖြစ်သဖြင့် တိုင်းဒေသကြီးလွှတ်တော်အပေါ် ဩဇာလွှမ်းမိုးမှုရှိနေပြီး လက်ရှိလွှတ်တော်အစည်းအဝေးတွင် ကိုယ်စားလှယ်များက အစိုးရအဖွဲ့ကို မေးမြန်းဆွေးနွေးနေစဉ် ဝန်ကြီးချုပ်က ရုတ်တရက် ဟန့်တားခြင်း၊ ကန့်ကွက်ခြင်းများ ရှိခဲ့သည်ဟု ကိုယ်စားလှယ်အချို့က ဆိုသည်။

"လွှတ်တော်ဥက္ကဋ္ဌ ရပ်တည်မှုကိုက



**ဒုတိယအကြိမ် မန္တလေးတိုင်းလွှတ်တော် (၂၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအပြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ပြန်လည်ထွက်ခွာစဉ်။ (ဓာတ်ပုံ- ရန်မိုးနိုင်/ Myanmar Now)**

အစိုးရဘက်ပါနေတယ်လို့ မြင်တယ်။ ဝန်ကြီးချုပ်က ပါတီမှာလည်း ဒုဥက္ကဋ္ဌဆိုတော့ သူ့ကို လွန်ဆန်ရင် အတိုက်အခံဖြစ်မှာ စိုးတဲ့ပုံပါပဲ"ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေက ပြောသည်။

ထိုယူဆချက်ကို လက်ရှိ NLD တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေကလည်း လက်ခံသဘောတူသည်။ "လွှတ်တော်ဥက္ကဋ္ဌကြီးက ဝန်ကြီးချုပ်ကို ပါတီရဲ့ဒုဥက္ကဋ္ဌမို့ကြောက်နေရင်တော့ လွှတ်တော်က အလုပ်ဖြစ်မှာမဟုတ်ဘူးလေ"ဟု ၎င်းကပြောသည်။

အမရပူရမြို့နယ် တိုင်းလွှတ်တော်အမှတ် (၂) မဲဆန္ဒနယ်တွင် ထပ်မံရွေးကောက်ခံခဲ့ရသော ဦးမြင့်ဆွေကမူ ပါတီနှင့်အစိုးရဆိုသည်ထက် ပြည်သူ့ဘက်ကပင် ရပ်တည်သွားမည်ဟု ဆိုသည်။

"ကိုယ့်ပါတီအချင်းချင်းမို့ Check & Balance (စောင့်ကြည့်ထိန်းကျောင်းခြင်း) မလုပ်ဘဲ လက်ညှိုးထောင် ခေါင်းညိတ်တာမျိုးမဟုတ်ဘဲ ပြောသင့်တာတော့ ပြောသွားမှာပါ။ အရွေးခံရတဲ့ကိုယ်စားလှယ်ဖြစ်လို့ ပြည်သူ့ဘက် တကယ်ရပ်တည်ရင် ကြောက်စရာမလိုပါဘူး"ဟု ဦးမြင့်ဆွေက ပြောသည်။

၎င်းသည် လက်ရှိလွှတ်တော်၏ အစည်းအဝေးတစ်ခုတွင် တိုင်းစာရင်းစစ်ချုပ် အစီရင်ခံစာဆွေးနွေးနေစဉ် ဝန်ကြီးချုပ်ဟန့်တားခြင်းခံခဲ့ရသော ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။

မန္တလေးတိုင်းလွှတ်တော်၌ အစိုးရကို အခက်တွေ့စေမည့် မေးခွန်းများမေးမြန်းခြင်း မပြုရန် တိုင်းလွှတ်တော်ဥက္ကဋ္ဌက အလွတ်သဘောသတိပေးခြင်းများရှိခဲ့သည်ဆိုသော ကိစ္စနှင့်ပတ်သက်၍ တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက "ကိုယ့်အစိုးရ အကျပ်အတည်းဖြစ်စေမယ့် မေးခွန်းတွေရှောင်ရမယ်ဆိုတာက အစိုးရနဲ့ လွှတ်တော်ဆန့်ကျင်ဘက်ဖြစ်နေရင် ပြည်သူ့လိုအပ်ချက်တွေ အကောင်အထည်ဖော်ပေးနိုင်မှာ မဟုတ်လို့ပါ"ဟု ပြောသည်။

အထက်ပါစွပ်စွဲချက်များနှင့် ပတ်သက်၍ ပါတီဒုဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဝန်ကြီးချုပ်ဖြစ်သူ ဒေါက်တာဇော်မြင့်မောင်ကလည်း "ကျွန်တော်က လွှတ်တော်ကို လွှမ်းမိုးစရာအကြောင်းလည်းမရှိသလို တစ်ခါမှလည်း ဝင်မစွက်ဖက်ဖူးဘူး။ ကြိုက်တာလုပ်။ ဒါပေမယ့် ဥပဒေအတိုင်းပဲဖြစ်ရမယ်"ဟု တုံ့ပြန်သည်။

တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် မန္တလေးတိုင်းလွှတ်တော်ဥက္ကဋ္ဌတာဝန်ကို နိုင်ငံရေးအရ စဉ်းစားဆုံးဖြတ်နိုင်သူ၊ နိုင်ငံရေးသမိုင်းရှိသောသူနှင့် ပါတီအပေါ်သစ္စာရှိသူကို ဦးစားပေးရွေးချယ်ရန် ရည်ရွယ်ထားသည်ဟုလည်း ၎င်းကဆိုသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ် ၈ ဦးနှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ကိုယ်စားလှယ်တစ်ဦး ရှိနေသည့် လက်ရှိ မန္တလေးတိုင်းလွှတ်တော်သည်ပင်လျှင် ဥပဒေပြုရေးနှင့် အစိုးရကို စောင့်ကြည့်ထိန်းကျောင်းရေးတွင် အားနည်းချက်များရှိနေဆဲဟု မန္တလေးအခြေစိုက် လွှတ်တော် လေ့လာစောင့်ကြည့်ရေးအဖွဲ့တစ်ခုဖြစ်သော "ယုံကြည်ရာ"က ဆိုသည်။

"လွှတ်တော်ထဲမှာခြေစွာတဲ့ ကိုယ်စားလှယ်တွေ အကြောင်းအမျိုးမျိုးကြောင့် ပြန်ပါမလာတော့တာ မန္တလေးအတွက် ဝမ်းနည်းစရာကောင်းတယ်"ဟု "ယုံကြည်ရာ" အသိပညာပြန့်ပွားရေးအသင်း၏ အမှုဆောင်ဒါရိုက်တာ ကိုတေဇာစန်းက ပြောသည်။

**(မြန်မာနောင်းမှ ဖြိုး ၏ သတင်းဆောင်းပါးကို https://www.myanmar-now.org/mm/news/5163?fbclid=IwAR0kOIb-1jiQqtcVqSB-fOGvUKITG5hV-IYuZaZSyiU86JSX4oW-Zz7q3RnWA မှတစ်ဆင့် ပြန်လည်ဖော်ပြပါသည်။)**